ရေးရာဌာန
ကုန်သွယ်ရေးဦးစီးဌာန
၃၈၉၈
နေပြည်တော်
၂၇.၁.၂၀၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

စီမံရေးရာအမိန့်စာအမှတ် ၀၆၁၄ /၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်

**စီးပွားရေး အကျိုးဆောင် မှတ်ပုံတင်သက်တမ်းတိုး နောက်ကျခြင်းအတွက် ကောက်ခံမည့် ဒဏ်ကြေး၊ ပြင်ဆင်ကြေးနှင့် မိတ္တူမှန်ကြေးများ ထုတ်ပြန်ခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ စီးပွားရေး အကျိုးဆောင် မှတ်ပုံတင်သက်တမ်းတိုး နောက်ကျခြင်းအတွက် ဒဏ်ကြေးများနှင့် ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများအား အောက်ပါအတိုင်း ကောက်ခံသွားရန်ဖြစ်သည်-

**(က) သက်တမ်းတိုးလျှောက်ထားမှု နောက်ကျခြင်းအတွက် ဒဏ်ကြေး**

| | | |
|---|---|---|
| (၁) | သက်တမ်းကုန်ပြီး ပထမ (၁) လအတွင်း လျှောက်ထားလျှင် | အခမဲ့ |
| (၂) | သက်တမ်းကုန်ပြီး ဒုတိယ (၁) လအတွင်း လျှောက်ထားလျှင် | ၃၀၀၀၀/- ကျပ် |
| (၃) | သက်တမ်းကုန်ပြီး တတိယ (၁) လအတွင်း လျှောက်ထားလျှင် | ၅၀၀၀၀/- ကျပ် |
| (၄) | (၃) လကျော်ပြီး (၆) လအတွင်း လျှောက်ထားလျှင် | ၁၀၀၀၀၀/- ကျပ် |
| (၅) | (၆) လ ကျော်လွန်သည့် မှတ်ပုံတင်များ | ပယ်ဖျက်သွားရန် |

**(ခ) ပြင်ဆင်ကြေး (ပြင်ဆင်ချက် တစ်ချက်လျှင်)** ၁၀၀၀၀/- ကျပ်

**(ဂ) မိတ္တူမှန်ကြေး** ၃၀၀၀၀/- ကျပ်

၂။ စီးပွားရေး အကျိုးဆောင် မှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားမှု နောက်ကျခြင်းအတွက် ဒဏ်ကြေးများနှင့် ပြင်ဆင်ကြေး၊ မိတ္တူမှန်ကြေးများအား သတ်မှတ် လုပ်ထုံးလုပ်နည်းနှင့်အညီ ကောက်ခံပြီး နိုင်ငံတော်ရန်ပုံငွေစာရင်းသို့ စနစ်တကျ ပေးသွင်းရန် အမိန့်ထုတ်ပြန်လိုက်သည်။

**(အခွင့်အာဏာ - ၁၇-၁-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၂ / ၂၀၁၇) ကြိမ်မြောက် ဆုံးဖြတ်ချက်အရ)**

ပုံ

ရန်နိုင်ထွန်း

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ကသရ(ဦး) စီမံ/၂၀၁၆-၂၀၁၇ (၃၇၄၂)

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

**ကုန်သွယ်ရေးဦးစီးဌာန**

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုန်သွယ်ရေး/ကုန်သွယ်မှုလွယ်ကူစေရေးနှင့် စေ့စပ်ညှိနှိုင်းရေး)ဌာန

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၊ ရုံးလုပ်ငန်းအဖွဲ့

ညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုမူဝါဒဌာနခွဲ

ညွှန်ကြားရေးမှူး၊ ငွေစာရင်းဌာနခွဲ **(သတ်မှတ်အခကြေးငွေများ လက်ခံဆောင်ရွက်ရန်)**

ညွှန်ကြားရေးမှူး၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး **(Commerce Journal တွင် ထည့်သွင်း ဖော်ပြရန်)**

ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နည်းပညာဌာနခွဲ **(Website တွင် ထည့်သွင်း ဖော်ပြရန်)**

ညွှန်ကြားရေးမှူး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ

ကြော်ငြာသင်ပုန်း

လက်ခံစာတွဲ

မျှောစာတွဲ

အမိန့်အရ ၂၆.၁.၂၀၁၇

( မြင့်သူရ )

ညွှန်ကြားရေးမှူး